မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ (၁၃) ရက်

# ဘဏ်ခွဲအသစ် ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၅၃) ခုမြောက် ဘဏ်ခွဲဖြစ်သော **တောင်ငူဘဏ်ခွဲ** အား (၁၈-၉-၂၀၂၃) ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ်ခွဲဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်လှစ်သည့်နေ့မှစတင်ကာ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား **အကွက်အမှတ် (၁၉/က)၊ ရုံးကြီးကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ (၁၉) ရပ်ကွက်၊ ဦးပိုင်အမှတ် (ခ/၁၇)၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး** တွင် ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ယင်းဘဏ်ခွဲသည် မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် (၄) ခု မြောက် ဖွင့်လှစ်သည့် ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ပြီး ပဲခူးတိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်